- အလုပ်စားပွဲများပေါ်တွင် လုံလောက်သောအမြင့်ရှိသည့် စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover)အား ဝန်ထမ်းတိုင်းအတွက် တတ်နိုင်သရွေ့ထားရှိအသုံးပြုရန်၊
- အဝင်အထွက်နေရာများနှင့် အလုံပိတ်ဓါတ်လှေကားများတွင် လူစုပြုံခြင်းကို ရှောင်ကြဉ်ရန်၊ တတ်နိုင်သရွေ့ လေဝင်လေထွက်ကောင်းသည့် ရိုးရိုးလှေကား/ စက်လှေကားတွင် တစ်ဦးနှင့် တစ်ဦး (၆)ပေအကွာ ခပ်ခွာခွာ နေထိုင်အသုံးပြုရန်၊
- ထမင်းစားသောက်ရာတွင် တစ်ဦးချင်းစီ (၆)ပေအကွာ ခပ်ခွာခွာ စားသောက်နိုင်ရန်အတွက် မိမိအတွက် သတ်မှတ်ထားသော နေရာတွင်သာ နေထိုင်စားသောက်ရန်၊
- အစည်းအဝေးများအား လူကိုယ်တိုင် တက်ရောက်ခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်၍ မဖြစ်မနေတက်ရောက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(mask)တပ်ဆင်ခြင်းနှင့် မျက်နှာအကာ (face shield) ကိုပါ တွဲဖက် တပ်ဆင်၍ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာ နေထိုင်ရန်၊
- အိမ်အပြန်တွင်လည်း ကြို/ပို့ယာဉ်စီးနင်းရာတွင်လည်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) စနစ်တကျတပ်ဆင်ရန်နှင့် ရုံးသို့လာရောက်စဉ်က ကြို/ပို့ယာဉ်စီးနင်းခဲ့စဉ်က လိုက်နာခဲ့သည့် အချက်များအတိုင်း အတိအကျ လိုက်နာဆောင်ရွက်ရန်၊
- နေထိုင်ရာအဆောင်တွင်လည်းကောင်း၊ ဝန်ထမ်းအိမ်ယာများတွင် လည်းကောင်းနေထိုင်ရာ၌ တတ်နိုင်သရွေ့ ညှိသည့်လက်ခံစကားပြောဆိုခြင်းကို လုံးဝ ရှောင်ကြဉ်ရန်နှင့် အဆောင်များတွင် စုရုံးစကားပြောခြင်း၊ စားသောက်ခြင်းနှင့် အပန်းဖြေခြင်းများကို ရှောင်ကြဉ်ကြရန်၊

(ဃ) အလုပ်နှင့်ပတ်သက်သည့် ခရီးများလျှော့ချခြင်း၊ လျှော့ချနိုင်ရန်စီမံခြင်း

- ပြည်သူလူထုအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုရှိသောဒေသများသို့ မလိုအပ်သော ခရီးသွားလာမှုများကို ဖျက်သိမ်းခြင်း (သို့) ရွှေ့ဆိုင်းခြင်းများ ပြုလုပ်သင့်ပါသည်။ မဖြစ်မနေ ခရီးသွားရမည့်သူများကို လက်သန့်စင်ဆေးရည်ထောက်ပံ့ပေးခြင်း၊ သက်ဆိုင်ရာဒေသအလိုက် ထုတ်ပြန်ထားသောလမ်းညွှန်ချက်များအားလုံး (ဖျားနာပါက မည်သူ့ကိုဆက်သွယ် ဆောင်ရွက်ရမည်ကို အကြံပေးခြင်းအပါအဝင်) လိုက်နာဆောင်ရွက်စေရပါမည်။
- COVID-19 ဖြစ်ပွားမှုရှိသော ဒေသမှပြန်လာသူဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများနှင့်ဆက်သွယ်စေ၍ ဒေသအလိုက် ထုတ်ပြန်ထားသော လမ်းညွှန်ချက်များတို့ကို လိုက်နာဆောင်ရွက်စေရပါမည်။